ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**ညွှန်ကြားချက်အမှတ် - ၅ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
၂၀၂၂ ခုနှစ်၊ ဇူလိုင် လ ၁၁ ရက်

အကြောင်းအရာ။ **ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန် ကိစ္စ**

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ရေနေနို့တိုက်သတ္တဝါများဖြစ်သည့် ရေဝက်၊ လင်းရှူး၊ ဧရာဝတီလင်းပိုင်နှင့် လင်းပိုင်မျိုးစိတ်များ၊ ဝေလငါးများသည် သဘာဝအကြောင်းတရားများကြောင့် သောင်တင်ခြင်း၊ လူသားတို့၏ ပယောဂကြောင့်သောင်တင်ခြင်း၊ ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောက်အယှက်ပြုခြင်း၊ ရေလုပ်ငန်းများတွင် အသုံးပြုသော ငါးဖမ်းပိုက်များတွင် အတော်တဆငြိတွယ်ခြင်းများကြောင့်လည်းကောင်း၊ သေဆုံး၍ ဖြစ်စေ၊ အရှင်အတိုင်းဖြစ်စေ၊ ဒဏ်ရာအနာတရကြောင့်ဖြစ်စေ သောင်တင်ခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံကမ်းရိုးတန်းများတွင် နေထိုင်ကျက်စားနေကြသည့် **CITES (Convention on International Trade in Endangered Species of Wide Fauna & Flora)** ၏ **Appendix– II** (သဘာဝပတ်ဝန်းကျင်၌ အရေအတွက်အားဖြင့် လွန်စွာလျော့နည်းကျဆင်းလျက်ရှိပြီး မကြာမီမျိုးသုဉ်းသွားနိုင်ခြေရှိသော သက်ရှိမျိုးစိတ်များ)တွင် ပါရှိသည့် အောက်ဖော်ပြပါ မျိုးသုဉ်းရှားပါးရေနေနို့တိုက်သတ္တဝါများအား တစ်ကောင်လုံးသော်လည်းကောင်း၊ ယင်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အနှောက်အယှက်ပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မပါဘဲ ပြည်ပသို့တင်ပို့

ခြင်းများ မပြုလုပ်ကြရန်နှင့် မတော်တဆအသက်ရှိလျက်ဖမ်းဆီးရမိပါက အမြန်ဆုံး ပြန်လွှတ်ပေးရန် ညွှန်ကြားလိုက်သည်-

(က) လောင်းမန်းနှုတ်သီးပါဝေလငါး — Longman's Beaked Whale (*Indopacetus pacificus*)

(ခ) အပူပိုင်းဒေသလင်းပိုင်ပြောက် — Pantropical Spotted Dolphin (*Stenella attenuata*)

(ဂ) ကြောင်လိမ်ကျွမ်းထိုးလင်းပိုင် — Spinner Dolphin (*Stenella Longirostris*)

(ဃ) အင်ဒို-ပစိဖိတ် ပုလင်းနှုတ်သီး လင်းပိုင် — Indo-pacific Bottle nose Dolphin (*Tursiops aduncus*)

၄။ ဤညွှန်ကြားချက်အားလိုက်နာရန်ပျက်ကွက်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်းညွှန်ကြားလိုက်သည်။

25/7/22

ဝေလင်းမောင်
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်- ငလ/ ဥပဒေ-၃/ ၂၀၂၂ (၁၉၃၉ )
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

**.......................................... တိုင်းဒေသကြီး/ ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာန**

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၊
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊
- ညွှန်ကြားရေးမှူးများ၊ ( ) ငါးလုပ်ငန်းဦးစီးဌာန၊
- တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး ( )

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ (သက်ဆိုင်ရာညီနောင်အသင်းအဖွဲ့များသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊
- ရုံးလက်ခံစာတွဲ၊
- မျှောစာတွဲ၊